**Embassy of the Republic of the Union of Myanmar**
**Beijing**
No.6 Dong Zhi Men Wai Street,Chao Yang District,
Beijing 100600, People's Republic of China
Tel: 0086 10 6532 0351, 6532 0412
Fax: 0086 10 65320408

# အသိပေးအကြောင်းကြားခြင်း

၁။ တရုတ်ပြည်သူ့သမ္မတနိုင်ငံ (ပြည်မကြီး)၊ အိန္ဒိယနိုင်ငံ၊ အီတလီနိုင်ငံ၊ စပိန်နိုင်ငံ၊ ဩစတြေးလျ နိုင်ငံ၊ ဆွစ်ဇာလန်နိုင်ငံ၊ ဂျာမနီနိုင်ငံနှင့် ရုရှားနိုင်ငံတို့မှ သာမန်နိုင်ငံကူးလက်မှတ် ကိုင်ဆောင်ထားပြီး သက်ဆိုင်ရာနိုင်ငံသားအဖြစ် ခံယူထားသော မြန်မာနိုင်ငံသားဟောင်းများသည် သက်ဆိုင်ရာနိုင်ငံများမှ နိုင်ငံခြားသားများကဲ့သို့ ဆိုက်ရောက်ဗီဇာ (ကမ္ဘာလှည့်) Visa on Arrival (Tourist) လျှောက်ထားမည် ဆိုပါက အပြည်ပြည်ဆိုင်ရာလေဆိပ်(၃)ခုတွင် ဆိုက်ရောက်ဗီဇာ (ကမ္ဘာလှည့်) ဖြင့် ဝင်ရောက်ခွင့်ပြုမည် ဖြစ်ပါကြောင်းနှင့် ဆိုက်ရောက်ဗီဇာ (ကမ္ဘာလှည့်) ဖြင့် ဝင်ရောက်လာမည့် မြန်မာနိုင်ငံသားဟောင်းများသည် သက်ဆိုင်ရာ ကမ္ဘာလှည့် နိုင်ငံခြားခရီးသည်များကဲ့သို့ ဆိုက်ရောက်ဗီဇာ (ကမ္ဘာလှည့်) လျှောက်ထားသူ များ လိုက်နာရမည့်စည်းကမ်း သတ်မှတ်ချက်နှင့်အညီ တိကျစွာလိုက်နာရမည်ဖြစ်ပါကြောင်း အသိပေး ဖော်ပြအပ်ပါသည်။

၂။ လူမှုရေးဗီဇာ (တစ်ကြိမ်သုံး) ဖြင့် ဝင်ရောက်ပါက ဗီဇာကြေး US$ 50 ကောက်ခံ၍ ရက် (၇၀) နေထိုင်ခွင့်ရရှိပြီး ဆက်လက်နေထိုင်လိုပါက နေခွင့်သက်တမ်းတိုးမြှင့်ခြင်းကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်နိုင်ပါကြောင်း၊ သို့သော် Visa on Arrival (Tourist) ဖြင့် ဝင်ရောက်ပါက US$ 50 ပေးဆောင် လျက် ရက် (၃၀) သာ နေထိုင်ခွင့်ရရှိပြီး ဗီဇာသက်တမ်းတိုးခွင့် မရရှိပါကြောင်း၊ ၎င်းအပြင် ဟိုတယ်များ၌ သာ တည်းခိုနေထိုင်ခွင့်ရှိပြီး လုပ်ငန်းလုပ်ကိုင်ခွင့်မရှိကြောင်း၊ လူမှုရေးအလည်အပတ် လာရောက်လိုသည့် ကိစ္စများအတွက် Social Visa လျှောက်ထားရမည် ဖြစ်ပါကြောင်းကိုလည်း အသိပေးဖော်ပြအပ်ပါသည်။

ကောင်စစ်ဥာန
မြန်မာသံရုံး၊ ပေကျင်းမြို့

EMBASSY OF THE REPUBLIC OF THE UNION OF MYANMAR
012
BEIJING